# ခေါင်းလောင်းသံ ငါတို့ကြား

ဉာဏ်ဦးမောင်



ရွာဦးကျောင်းက ခေါင်းလောင်းသံ၊
ဒိုးဒိုးဒေါင်ဒေါင်ညံ။
ခေါင်းလောင်းသံ ငါတို့ကြား၊
အမျှယူစို့လား။
အမျှဘာကြောင့် ယူရတယ်၊
ကုသိုလ်ရဖို့ကွယ်။
ကုသိုလ်သည် ဘယ်မှာလဲ၊
ခေါင်းလောင်းထိုးနေဆဲ။

ဩဂုတ်လရဲ့ နွေနှောင်းရက်ကျန်က ကုန်လုကုန်ခင်။ မနက်ဖန်ဆိုလျှင်ဖြင့် စက်တင်ဘာလရဲ့ ပထမနေ့။ နွေနေရှိန်ရဲ့ အပူငွေ့တို့လည်း ဒီနေရာလေးကနေ ပြန်လည်ထွက်ခွါသွားဖို့ ပြင်ဆင်နေကြပြီပေါ့။ ညပိုင်းများမှာဆို ဆောင်းကိုလှုပ်နှိုးမယ့် လေနုနု အအေးစက ခပ်ဟဟလေး လှစ်ထားတဲ့ ပြူတင်းကြားကနေ ဖွဖွလေး တိုးလို့ပင် ဝင်လာတတ်ပြီ။ ပြင်ပက အအေးဒဏ်ကို ခိုလှုံဖို့ တိုးလျှိုးကာ ဝင်လာလေသလား၊ အဆောင်တွင်းနေသူကို အေးချမ်းမှုပေးနိုင်စေဖို့ တိုးလျှိုးဝင်လာလေသလား၊ ဒါကိုဖြင့် ခွဲခြားလို့တော့ မသိနိုင်ပါလေပြီ။

နံနက်ခင်းလင်းစ ပြူတင်းဝကနေ အရှေ့ဖက်ဆီကို မျှော်ကြည့်လိုက်လျှင်ဖြင့် ဆောင်းဦးအငွေ့ မြူစိုင်များက ပေါးဝဒ်မြို့လေးရဲ့ တောင်တန်းတွေပေါ် မေးတင်ကာ မှေးစက်လို့။ မြူဆိုင်ကြားကနေ တိုးလျိုးကာထွက်လာတဲ့ နေရောင်ခြည်အလင်းတန်းများက မြူငွေ့ကြောမှာ ရွှေရောင်လက်ချောင်းတွေ အပြိုင်းပြိုင်းကျနေဟန်။ အိပ်ပျော်နေတဲ့ မြူစိုင်တွေကို အိပ်ရမှထဖို့ လက်တို့ကာ နှိုးနေသယောင်ထင်ရ။ အမျိုး မသိ၊ အမည်မတတ်နိုင်တဲ့ ခံစား မှု တစ်ခုက မြူကြားက လုထွက်လာတဲ့ နေရောင်ခြည်တန်းများနှယ် ရင်ထဲက တိုးထွက်လာသလို ခံစားမိတယ်။ မြူဝေ၊ ပန်းသင်း၊ လေညင်းသွဲ့သွဲ့၊ လွမ်းတေးဖွဲ့သီ၊ ဥဩတီတာ၊ လွမ်းဖွယ်သာသည့်၊ ကိုယ်မွေးဖွားရာ၊ အညာဒေသ၊ နွေဝင်စရဲ့ ပုံအလှကို မှန်းကာ မြင်လာမိရတယ်။

မကြာမီမှာပဲ ကိုယ်နေထိုင်ရာ နေရာလေးရဲ့ ရှေ့လမ်းမကနေ ကျောပိုးအိပ်လေးတွေ ကိုယ်စီလွယ်လို့ အစုလိုက်အဖွဲ့လိုက် ကလေးငယ်တွေ ဖြတ်သန်းသွားကြတော့မယ်။ နံနက်လင်းစ မင်္ဂလာအပေါင်းနဲ့ ပြည့်ဝတဲ့ ဒီအချိန်အခါမျိုးမှာ အေးချမ်းစွာ လှုပ်ရှားသွားလာနေကြတဲ့ ကလေးငယ်လေးတွေရဲ့ အမူအယာက နံနက်ခင်းရဲ့ ကောင်းခြင်းမင်္ဂလာကို ပိုမိုကြွရွလာသလားထင်ရတယ်။ နုပျိုမှုနဲ့ တက်ကြွမှုဆိုတာက လောကအတွက် အားတက်ဖွယ်အလှများပေပ။ ပညာသင်ချိန်မှာ ပေါ့ပါးလွတ်လပ်စွာ၊ ကြောင့်ကြစိုးရိမ်ခြင်းကင်းစွာ ပညာသင်ခွင့်ရဖို့အရေးက ကလေးငယ်တွေအတွက် အဓိက လိုအပ်ချက်တစ်ခုသာပ။

ဒီနေရာလေးကို ရောက်ရှိနေထိုင်ခဲ့တာ နှစ်လနီးပါးရှိပြီ။ စရောက်ချိန်က ဇူလိုင်လဆန်းပိုင်းမှာဆိုတော့ ကျောင်းတွေပိတ်ထားချိန်။ နေထိုင်ရာ အဆောင်လေးရဲ့ ဆင်ဝင်အောက်ကနေ လှန်းမျှော်ကြည့်လိုက်ရင် အဆောင်လေးရဲ့ ရှေ့နားကပ်လျက်က ကားလမ်းရယ်၊ ကားလမ်းဟိုဖက် အနားကပ်လျက်ရှိတဲ့ ရထားသံလမ်းရယ်၊ သံလမ်းနဲ့ ကပ်လျက် ရှိနေတဲ့ အလယ်တန်းကျောင်းရဲ့ မြက်ခင်းစိမ်းစိမ်းနဲ့ အားကစားကွင်းရယ်၊ ကစားကွင်းနဲ့ ကပ်လျက်ကျောင်းစာသင်ခန်းမဆောင်များကို အရှင်းသားမြင်ရတယ်။ စာသင်းခန်းမဆောင်များပေါ်ကနေ အထက်ဖက်ကို မျှော်ကြည့်လိုက်လျှင်တော့ မိုင်ဝက်လောက်အဝေးမှာ ရှိနေတဲ့တောင်တန်းကြီးက ထီးထီးမားမား။

ဒီအရာအားလုံးဟာ မပြောင်းမလဲ တစ်သမတ်တည်းသာ ဖြစ်ပေမယ့် နေပူကျဲကျဲအောက်မှာ မြင်ရတဲ့မြင်ကွင်းရယ်၊ မိုးအုံ့ဆိုင်းမှိုင်းနေတဲ့ အခါမှာ မြင်ရတဲ့ မြင်ကွင်းရယ်၊ ညအခါ တောင်တန်ပေါ်မှာ တည်ရှိနေတဲ့ အဆောက်အဦတွေကနေ အစီအရီပေါ်ထွက်လာတဲ့ အလင်းလက်လက် မြင်ကွင်းများရဲ့ အလှက တစ်မျိုးတစ်ဘာသာစီဖြစ်နေတာကို သတိထားမိတယ်။ အထူးသဖြင့်တော့ အလယ်တန်းကျောင်းဝင်းအတွင်းမှာ စိုက်ထားတဲ့ ထင်းရှူးနွယ်ဝင် ခရစ်စမတ်သစ်ပင် ထိပ်ဖျားပေါ်  မိုးစလေးတွေ တဖွဲဖွဲကျနေချိန်မှာဆို လွမ်းချင့်ဖွယ်ကောင်းလောက်အောင် ဖြစ်တတ်ပါတယ်။ ကျောင်းဝင်းကျယ်ကျယ်နဲ့ စိမ်းညို့ညို့တောင်တန်းကြီးက လွမ်းဖွယ်အလှကို အားဖြည့်ပေးတာကြောင့်များလေလားလို့ တစ်ယောက်တည်း တွေးမိခဲ့ဖူးတယ်။

ခုမနက်မှာတော့ ရာသီက အုံ့ဆိုင်းဆိုင်း၊ တောင်တန်းကြီးတွေကလည်း ညှို့မှိုင်းမှိုင်း၊ လေပြေလေးက မရိုင်းတရိုင်း။ ကျောင်းဝင်းအတွင်းကနေ ပူ…ဆိုတဲ့ ဥဩသံရှည်ရှည်ကို ကြားရတယ်။ စာသင်ချိန်မို့ ဆွဲလိုက်တဲ့ ဥဩသံလေလား၊ စုပေါင်းအားကစားချိန်မို့ ဆွဲလိုက်တဲ့ ဥဩသံလေလားတော့မသိ။ စာသင်ချိန်ဥဩသံဆိုလျှင်

တော့ အပြင်မှာ အစုလိုက်ဆော့ကစားနေ၊ စကားပြောနေကြတဲ့ ကျောင်းသူကျောင်းသားတွေ ကျောင်းဆောင်များအတွင်း အလျှိုအလျှိုဝင်သွားကြလိမ့်မယ်။ အားကစားချိန် ဥဩသံဆိုလျှင်တော့ စာသင်ခန်းများထဲမှာရှိနေတဲ့ ကျောင်းသားတွေ အားကစားကွင်းရှိရာ လွင်ပြင်ဖက်ကို တန်းစီလို့ထွက်လာကြလိမ့်မယ်။

ကိုယ်ငယ်ငယ်က ကျောင်းဆင်းကျောင်းတက်ချိန်များမှာ ဆရာဘုန်းတော်ကြီးလှုပ်ရမ်းလိုက်တဲ့ လက်ကိုင်ခေါင်းလောင်းလေးဆီက ထွက်ပေါ်လာတဲ့ ခေါင်းလောင်းသံချိုလွင်လွင်လေးကို  ပြန်လည်သတိရမိတယ်။ ခေါင်းလောင်းတစ်ခုထဲကနေ ထွက်ပေါ်လာတဲ့အသံခြင်းတူပေမယ့် ကျောင်းတက်ချိန်မှာ ကြားရတဲ့ ခေါင်းလောင်းသံနဲ့ ကျောင်းဆင်းချိန်မှာကြားရတဲ့ ခေါင်းလောင်းသံ ဒီနှစ်မျိုးရဲ့ အသံခြင်း မတူတာကို တွေးမိလို့ ပြုံးမိသေးတယ်။ ဟုတ်တယ်။ ကျောင်းဆင်းချိန်မှာကြားရတဲ့ ခေါင်းလောင်းသံက ပိုမိုကာ ကြည်လင်ချိုမြတယ်ရယ်လို့ ထင်ခဲ့မိတယ်။ စာသင်ရတာထက် သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါး ဆော့ကစားရတာကို ပိုစိတ်ဝင်မှုကြောင့် ဖြစ်မယ်ထင်ပါရဲ့။ နောက်ပြီးလည်း ကျောင်းတက်ချိန်မှာကြားရတဲ့ ခေါင်းလောင်းသံက ဆရာဘုန်းတော်ကြီးအနီးမှာရှိ စားပွဲပေါ်က ထန်းပလပ်ကြိမ်လုံးနဲ့ ပိုမိုနီးစပ်လို့လည်း ဖြစ်လေမလားလို့ ကြံကြံဖန်ဖန် ပြန်လည်တွေးမိသေးတယ်။

ဘာပဲဖြစ်ဖြစ် ခေါင်းလောင်းဆိုတာ ရွာဦးကျောင်းကပဲထိုးထိုး၊ ဘုရားရှိခိုးကျောင်းတစ်ခုဆီကပဲ လာလာ၊ စာသင်ခန်းတစ်ခုဆီကပဲ ပြန့်လွင့်ပြန့်လွင့်။ ခေါင်းလောင်းသံဆိုတာ တစ်စုံတစ်ခုခုကို အချက်ပေးဖို့အတွက် ထွက်ပေါ်လာတတ်တာမျိုးချည်းသာပါ။

ခုများမှာတော့ စာသင်ကျောင်းက ခေါင်းလောင်းသံနဲ့ မတူတဲ့ ခေါင်းလောင်းသံများကိုလည်း မကြာမကြာ ကြားနေရပြီလို့ ခံစားမိတယ်။ ခုချိန်မှာကြားရတတ်တဲ့ ခေါင်းလောင်းသံက အပြင်လူ တစ်ဦးတစ်ယောက် တီးခတ်ထိုးနက် လှုပ်ရမ်းလိုက်တဲ့ ခေါင်းလောင်းသံတော့ မဟုတ်ဘူး။ တစ်ဦးတစ်ယောက်က လှုပ်ရမ်းတီးခတ်လိုက်တယ်လို့ ပြောလို့ရနိုင်တဲ့ ခေါင်းလောင်းသံမျိုးလည်း မဟုတ်ဘူး။ သေချာပြောနိုင်တာက ကျောင်းတက်ကျောင်းဆင်းချိန်မှာ ကြားခဲ့ရတဲ့ ခေါင်းလောင်းသံလို ချိုမြမြ မဟုတ်တော့ဘူးဆိုတာကိုပါ။

သန်စွမ်းခြင်းတွေ ယုတ်လျော့လာတဲ့၊ နုပျိုခြင်းတွေ တစစပျောက်ကွယ်လာတဲ့၊ ချို့ယွင်းမှုတွေ၊ နာကျင်မှုတွေ၊ ရင့်ရော်ခြင်းတွေ တဖြည်းဖြည်း တိုးတိုးလာတဲ့ ဇရာလက်နဲ့ ထိုးနက်တီးခတ်လိုက်တဲ့ အချက်ပေးခေါင်းလောင်းသံက တစစ ပိုမိုအသံကျယ်လာတယ်။ အရာရာကို ဝါးနိုင်ခဲ့တဲ့ သွားအချို့လည်း ကျိုးပဲ့ခဲ့ဖူးပြီ။ မြင်စရာမြင်ကွင်းအလှကို ကျကျနနမြင်နိုင်စွမ်းခဲ့တဲ့ မျက်လုံးကလည်း အမြင်စွမ်းအင် ယုတ်လျော့ခဲ့ပြီမို့ အဖော်အကူ မျက်မှန်ထူထူ တစ်ခုနဲ့အတူ နေထိုင်ခဲ့ရတာ ကြာခဲ့ပြီ။ တစ်ချိန်က အနက်ရောင်ခြံလွှမ်းခဲ့တဲ့ ဆံစအချို့လည်း အဖြူရောင်သမ်းစပြုခဲ့လေပြီ။ ဟိုနားထိလည်း ပွန်း၊ ဒီနားထိလည်း နာ၊ တစ်ခါတုံးက စွမ်းရည်ပြည့်ခဲ့တဲ့ ခန္ဓကိုယ်အစိတ်အပိုင်းအချို့လည်း အားအင်လျော့လို့ ဒဏ်ရာအနာတရတို့နဲ့ ပြည့်လျှမ်းနေခဲ့ပြီ။

နေထိုင်ရာအဆောင်လေးရဲ့ ပြူတင်းဝကနေ လှန်းကြည့်ချိန်မှာ တစ်ချန်နဲ့တစ်ချိန် မတူနိုင်တဲ့ မြင်ကွင်းလို ဇရာလက်နဲ့ ထိုးနက်လိုက်လို့ ခန္ဓာကိုယ်ကထွက်ပေါ်လာတဲ့ ခေါင်းလောင်းသံကလည်း တစ်ချိန်နဲ့တစ်ချိန် တစ်ကြိမ်

နဲ့ တစ်ကြိမ် လုံးဝမတူနိုင်တာကို အမှတ်မပြုပဲနေလို့ မရနိုင်အောင်ကိုပဲ ဖြစ်နေခဲ့ပြီ။ ကိုယ်နိုင်တယ်၊ ကိုယ်ပိုင်တယ် ထင်ခဲ့တဲ့ ကိုယ့်ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတွေပေါ်မှာပင်လျှင် ကိုယ်ချယ်လှယ်ချင်တိုင်း ချယ်လှယ်လို့ မရနိုင်တာကို ဘဝအသိနဲ့ နားလည်နေခဲ့ပြီ။

ကိုယ့်ခြေကိုယ့်လက်တွေကမှ ကိုယ့်အလို မလိုက်ကြတော့ဘူးဆိုလျှင် ဘယ်အရာတွေက၊ ဘယ်သူတွေက ကိုယ့်ဆန္ဒကိုပြည့်ဝအောင် ဖြည့်ဆည်းပေးနိုင်ကြမှာလဲ-ဆိုတဲ့ စကားလေးကို မကြာခဏဆိုသလိုပင် သတိရမိနေတတ်တယ်။ သတိရမိတိုင်း ဇရာဆိုတဲ့ (အိုခြင်း)လက်နဲ့ ထိုးနက်တီးခတ်လိုက်တဲ့ အသံမချိုလှတဲ့ ပျက်စီးနာကျင်(ဗျာဓိ) သံစဉ်ကိုလည်း ဂရုတစိုက် နားထောင်နေမိတတ်ပါတယ်။

ခေါင်းလောင်းသံကြားလျှင်ဖြင့် ကုသိုလ်အမျှကို ရအောင်ယူတတ်ရမယ်ဆိုတဲ့ အသိကိုလည်း တစ်ပါတည်း ယူနိုင်အောင် သတိထားလို့ ဆင်ခြင်နေမိတတ်ပြီ။ခေါင်းလောင်းသံ တစ်ခုခုကြားတိုင်း ဘဝအတွက် တန်ဖိုးတက်စေမယ့် အရာတစ်ခုခုကို ပိုမိုတိုးကာ လုပ်ဆောင်ဖို့လိုလာပြီဆိုတဲ့ အသိတစ်ခုကိုပါ ရတတ်တာကြောင့် ကိုယ့်ကိုယ် မကြာခဏ သတိပေးနေတဲ့ ခေါင်းလောင်းထိုးသူကိုလည်း စိတ်မဆိုးနိုင်ပဲ ကျေးဇူးအခါခါ တင်နေမိတတ်ပါပြီ။ ။